# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# (၁၈)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်
## (၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၈၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၃၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးလင်းလင်းဦး(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ သြဂုတ်လ ၂၂ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၈၉ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၃၆ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၄ ရက်၊

(၂) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၅ ရက်၊

(၃) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဌေးဝင်း ခွင့် ၅ ရက်၊

(၄) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ခွင့် ၁ ရက်၊

(၅) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးကိုကိုနိုင် ခွင့် ၄ ရက်၊

(၆) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၅ ရက်၊

(၇) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၃ ရက်၊

(၈) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၄ ရက်၊

(၉) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၁ ရက်၊

(၁၀) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁ ရက်၊

(၁၁) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း ခွင့် ၁ ရက်၊

(၁၂) မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း ခွင့် ၃ ရက်၊

(၁၃) တောင်ကြီးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ ခွင့် ၁ ရက်၊

(၁၄) မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၃ ရက်၊

(၁၅) ဖာပွန်မဲဆန္ဒနယ်မှ ဦးထွန်းမြအောင်(ခ)ဦးစောထွန်းမြအောင် ခွင့် ၃ ရက်၊

(၁၆) လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ ခွင့် ၃ ရက်၊

(၁၇) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးလီကျိန်းဖူ(ခ)ဦးမြင့်ဆွေ ခွင့် ၃ ရက်၊

(၁၈) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၃ ရက်၊

(၁၉) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၃ ရက်၊

(၂၀) ကံမမဲဆန္ဒနယ်မှ ဦးစိန်ဟန် ခွင့် ၁ ရက်၊

(၂၁) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၃ ရက်၊

(၂၂) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)ဦးအောင်ရွှေ ခွင့် ၃ ရက်၊

(၂၃) အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ခွင့် ၅ ရက်၊

(၂၄) နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး ခွင့် ၁ ရက်၊

(၂၅) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် ခွင့် ၁ ရက်၊

(၂၆) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၅ ရက်၊

(၂၇) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၅ ရက်၊

(၂၈) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်၊

**မူကြမ်း**

(၂၉) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထင်အောင်ကျော် ခွင့် ၁ ရက်၊

(၃၀) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်ဇင်လတ် ခွင့် ၃ ရက်၊

(၃၁) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၁ ရက်၊

(၃၂) ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် ခွင့် ၃ ရက်၊

(၃၃) နောင်ချိုမဲဆန္ဒနယ်မှ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန် ခွင့် ၁ ရက်၊

(၃၄) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊

(၃၅) မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး ခွင့် ၃ ရက်နှင့်

(၃၆) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၁ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၃၆ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၃၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၃၆ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ရေနံချောင်းမြို့နယ်၊ ငွေးကုန်း-ဝက်ချုပ်-နတ်မောင်မြို့နယ်ချင်းဆက်လမ်းအား ကျောက်ချောလမ်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်းမှ ကတ္တရာလမ်း၊ လမ်းဦးစီးပိုင်အဖြစ်သို့ တိုးမြှင့်ပေးရန်အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရေနံချောင်းမဲဆန္ဒနယ်မှ ဦးသာချို(ခ)ဦးတင်ကြိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသာချို(ခ) ဦးတင်ကြိုင်(ရေနံချောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေး တိုင်းဒေသကြီး၊ ရေနံချောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာချို (ခေါ်) ဦးတင်ကြိုင် ဖြစ်ပါတယ်။ ကျွန်တော် မေးမည့်မေးခွန်းကတော့ ရေနံချောင်းမြို့နယ် ငွေးကုန်း-ဝက်ချုပ်- နတ်မောက်မြို့နယ်ချင်း ဆက်လမ်းအား ကျောက်ချောလမ်း၊ ကျေးလက်ဖွံ့ဖြိုးရေးလမ်းမှ ကတ္တရာလမ်း၊ လမ်းဦးစီးပိုင်လမ်း အဖြစ်သို့ တိုးမြှင့်ပေးရန်အတွက် အစီအစဉ်ရှိ/မရှိကို မေးလိုသည့်မေးခွန်းဖြစ်ပါ တယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရေနံချောင်း-နတ်မောက်မြို့နယ်ချင်းဆက် လမ်းဟာ ၂၉ မိုင် ၇ ဖာလုံရှည်လျားပြီး ငွေးကုန်းမှဝက်ချုပ်အပိုင်းသည် ရေနံချောင်းမြို့နယ်အပိုင်း ဖြစ်ပြီးတော့ ၁၄ မိုင် ၃ ဖာလုံရှည်လျားပါတယ်။ ဝက်ချုပ်မှ နတ်မောက်အပိုင်းသည် ၁၅ မိုင် ၄ ဖာလုံ ရှည်လျားပြီးတော့ နတ်မောက်မြို့နယ်အပိုင်းဖြစ်ပါတယ်။ ၎င်းလမ်းအား ၁၉၉၁ ခုနှစ် ၁၉၉၁-၁၉၉၂ ခုနှစ် နဝတအစိုးရလက်ထက်မှ လမ်းကြမ်းအဖြစ် စတင်ဖောက်လုပ်ခဲ့ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနမှ ဖွံ့ဖြိုးရေးလမ်းအဖြစ် စတင်ဖောက်လုပ်ခဲ့ပါတယ်။ ၎င်းနောက် အရပ်သားအစိုးရလက်ထက် ၂၀၁၃-၂၀၁၄ ခုနှစ်မှာတော့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဌာန ကျောက်ချောလမ်းအဖြစ်သို့ တိုးမြှင့် ဖောက်လုပ်ပြီးတော့ ကျေးလက်ဦးစီးဌာနမှ တာဝန်ယူစောင့်ရှောက်ခဲ့ပါတယ်။ ၎င်းနောက် ၂၀၁၄-၂၀၁၅ ခုနှစ်မှာတော့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရေနံချောင်း၊ ရေနံမြေ၊ ရေနံနှင့်သဘာဝ

ခေတ်ငွေ့လုပ်ငန်းမှ ရေနံချောင်းမြို့နယ်၊ အင်တောအုပ်စု လယ်ကျင်းရိုးကျေးရွာအနီးမှာ ရေနံချောင်း ရေနံမြေမှ ရေနံနှင့်သဘာဝခေတ်ငွေ့ စမ်းသပ်တူးဖော်ခဲ့သည့်အတွက် ၎င်းလမ်းမှာ ရေနံမြေပိုင် ကားကြီးများ ဥဒဟိုဖြတ်သန်းသွားလာခဲ့ပါတယ်။ ထို့နောက် ၂၀၁၅-၂၀၁၆ ခုနှစ်မှာလည်း ရေနံချောင်းရေနံမြေမှ သဘာဝခေတ်ငွေ့လုပ်ငန်းမှ နတ်မောက်မြို့နယ် ချောင်းအုန်းနဲအုပ်စု တယ်တပ် ရွာနှင့် ဝင်ဂတ်ရွာအကြား ရေနံနှင့် သဘာဝခေတ်ငွေ့ စမ်းသပ်တူးဖော်ခဲ့သည့်အတွက် ရေနံချောင်း ရေနံမြေမှ ကားကြီးများ ဆက်လက်၍ဥဒဟိုသွားလာခဲ့သည့်အတွက် လမ်းများပိုမိုပျက်စီးခဲ့ပါတယ်။ သို့ပါသောကြောင့် ၎င်းလမ်းအား ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် ကျောက်ခင်းလမ်းအဖြစ် မှ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနပိုင် ကတ္တရာလမ်းအဖြစ်သို့ တိုးမြှင့်ဆောင်ရွက်သင့်နေပြီ ဖြစ်ပြီး ၎င်းကို လမ်းဦးစီးဌာနပိုင် ကတ္တရာလမ်းဖြစ်သွားပါက ရေနံချောင်း ရေနံနှင့် သဘာဝခေတ်ငွေ့ လုပ်ငန်းအတွက် အထောက်အကူဖြစ်သလို ငွေးကုန်း၊ ဝက်ချုပ်၊ နတ်မောက်အတွင်းမှာနေထိုင်ကြ သော ကျေးရွာသူကျေးရွာသားများအနေနှင့်လည်း ၎င်းတို့ယာမြေများမှထွက်ရှိသည့် သီးနှံများဖြစ် သည့် နှမ်း၊ မြေပဲ၊ နေကြာ၊ ဝါဂွမ်း စသည့် အသီးအနှံများအား ရေနံချောင်း၊ နတ်မောက်၊ မကွေးမြို့များ သို့ သွားရောက်ရောင်းချသည့်အခါ အချိန်တိုအတွင်း ကုန်စည်စီးဆင်းမှုလျင်မြန်စွာရောင်းချနိုင်မည် ဖြစ်သောကြောင့် ၎င်းလမ်းအား လမ်းဦးစီးဌာနပိုင် ကတ္တရာလမ်းဖြစ်သင့်နေပြီဖြစ်သောကြောင့် ၎င်းလမ်းအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာနပိုင် ကျောက်ချောလမ်းအဖြစ်မှ ဆောက်လုပ် ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနပိုင် ကတ္တရာလမ်းအဖြစ်သို့ တိုးမြှင့်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ အား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ဒီနေ့ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာချို (ခေါ်) ဦးတင်ကြိုင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်လို့ ဖြေကြားဖို့ စိုက်ပျိုးရေး၊ မွေးမြူ ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ဖြေကြားဖို့လာတဲ့ ဒုတိယ ဝန်ကြီး

ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းနှင့်ပတ်သက်လို့ ဖြေကြားရမယ်ဆိုရင် မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ငွေးကုန်း-ဝက်ချုပ်-နတ်မောက်မြို့နယ်ချင်းဆက်လမ်းသည် ၂၉ မိုင် ၇ ဖာလုံရှိပြီးတော့ ကျေးရွာ ၂၆ ရွာ၊ အိမ်ခြေ ၄၁၅၈၊ လူဦးရေ ၂၂၉၇၆ ဦးတို့အား အကျိုးပြုပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ စည်ပင်သာယာရေးဦးစီးဌာနက မြေသားလမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ပြီးတော့ ၂၀၁၃-၂၀၁၄ နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်များမှာ ဦးစီးဌာနရန်ပုံငွေဖြင့် ကျောက်ချောလမ်းခင်းခြင်းအား ဆောင်ရွက်ပေးခဲ့ပါတယ်။ အဆိုပါလမ်းအား ကတ္တရာလမ်းခင်းပါက ငွေကျပ် ၃၁၉၃.၀၄ သန်းခန့် ကုန်ကျမည်ဖြစ်ပါတယ်။ အဆိုပါလမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင်လမ်းအဖြစ်မှ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင်လမ်းအဖြစ် လွှဲပြောင်းပေးပါရန် ၁-၆-၂၀၁၆ ရက်နေ့၌ ကျင်းပပြုလုပ်သည့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၁၉/၂၀၁၆) ဆုံးဖြတ်ချက် အပိုဒ် ၄ မှာ ရေနံချောင်းမြို့နှင့် နတ်မောက်မြို့ မြို့ချင်းဆက်လမ်းဖြစ်သော ငွေးကုန်း-ဝက်ချုပ်-နတ်မောက်ကျောက်ချောလမ်းအား လမ်းဦးစီးဌာနပိုင်လမ်းအဖြစ်လက်ခံရန် ဆုံးဖြတ်ခဲ့ပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆက်လက်ဆောင်ရွက်နိုင်ရန် ၁၃-၆-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၅/၄၃-၃၆၂(၀၁၀)ဦး ၆ ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ ညှိနှိုင်းအကြောင်းကြားပြီးဖြစ်ပါကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖြေကြားလာပါတယ်။ မကွေးတိုင်းဒေသကြီးတစ်ခုလုံးအတွင်းမှာရှိတဲ့ လမ်းတံတားများတည်ဆောက်ဖို့အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ပုံငွေအဖြစ် ၉၅၁၆ သန်းဖြင့် လျာထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် လမ်းတံတားများပြုပြင်ရန်အတွက် ကျပ်ငွေ ၃၂၉.၈၀၁ သန်းအဖြစ် လျာထားပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးက မေးလာတဲ့ ငွေးကုန်း-ဝက်ချုပ်-နတ်မောက် မြို့နယ်ချင်းဆက်လမ်းဟာ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပါဝင်ခဲ့ခြင်းမရှိပါ၍ လတ်တလောဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်းနှင့် နှစ်အလိုက် ဦးစားပေးအတိုင်း လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အဆိုပါလမ်းအား လမ်းဦးစီးဌာနပိုင်လမ်းအဖြစ် တိုးမြှင့်ပေးရန် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးသွားမည်ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ ပြည်ထောင်စုအစိုးရအဖွဲ့မှ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့၏ သဘောထားမှတ်ချက်များရယူပြီး ခွင့်ပြု

ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ လမ်းလွှဲပြောင်းခြင်းလုပ်ငန်းအား ဆောင်ရွက်ပေးသွားနိုင်မည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**စစ်ကိုင်းမြို့ ဆင်တပ်မြစ်ရေတင်စီမံကိန်းသည် ပြည်သူ့ဘဏ္ဍာငွေ အမေရိကန်ဒေါ်လာ ၁.၂၀၁ သန်းနှင့် မြန်မာကျပ်ငွေသန်းပေါင်း ၃၂၂၀.၀၂၄ အကုန်အကျခံတည်ဆောက်ခဲ့ရခြင်း၊ မြောင်းပေါင်ပြုလုပ်ရာတွင် တောင်သူမြေများစွာ ပါဝင်သွားခဲ့ပြီး နှစ်ပေါင်း(၁၂)နှစ်တိုင်ခဲ့သော်လည်း စိုက်ပျိုးရေ ပြည့်မီအောင် မပေးနိုင်သေးခြင်းနှင့် ချထားပေးသော ရန်ပုံငွေ ၁၇၅ သန်းကို မည်သည့်လုပ်ငန်းများ ဆောင်ရွက်ထား သည်၊ ယခုအစိုးရသစ်လက်ထက်တွင် သတ်မှတ်ခဲ့သော စီမံကိန်းအကျိုးပြုဧက ၆၅၀၀ ကို စိုက်ပျိုးရေ လုံလောက်စွာပေးဝေနိုင်အောင် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်သိန်း(စစ်ကိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်း တိုင်းဒေသကြီး၊ စစ်ကိုင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ စစ်ကိုင်းမြို့နယ်၊ ဆင်တပ်မြစ်ရေတင်စီမံကိန်းနှင့်စပ်လျဉ်းတဲ့ မေးခွန်းပဲဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆင်တပ်မြစ်ရေတင်စီမံကိန်း၊ မြောင်းမကြီးအရှည်ဟာ ပေပေါင်း ၆၀၇၂၀ ပေရှိပြီးတော့မှ မိုင်အားဖြင့် ၁၁ မိုင် ၅ ဖာလုံအရှည်ရှိပါတယ်။ မြောင်းရဲ့အကျယ် ကတော့ ပေ ၂၀၀ ခန့်ရှိပါတယ်။ လျာထားမြစ်ရေတင်ရေသောက်ဧကပေါင်းကတော့ ကျောက်ဆည် ကွင်းဘက်မှာ ၁၆၅၈ ဧက၊ သိမ်ထဲကွင်းဘက်က ၁၁၃၆ ဧက၊ သဲကတိုးကွင်းဘက်က ၄၅၈ ဧက၊ ညောင်ပင်စင်ကွင်းဘက်က ၇၃၅ ဧကနှင့် ရဲတရော်ကွင်းက ၃၆၆ ဧက၊ ဆင်တပ်ကွင်းက ၂၁၂၀ ဧက စုစုပေါင်း ၆၅၀၀ ဧက ရေပေးဝေနိုင်ရန် လျာထားခဲ့သော်လည်းပဲ အမှန်တကယ်ဧက ၂၀၀ ခန့်သာ ပေးဝေနိုင်ခဲ့ကြောင်း အမှန်တကယ်မဆောင်ရွက်နိုင်ခဲ့ပါက ရေမရောက်သော၊ ရေရောက်လျှင်လည်း ပေါက်ပြဲကျိုးကျကုန်သော၊ အရည်အချင်း မပြည့်မီ၍ မြောင်းပေါင်များကိုဖျက်သိမ်းပြီး တောင်သူ များကို ပြန်ပေးသင့်ပါကြောင်းနှင့် စီမံကိန်းကို အမှန်တကယ်အောင်မြင်အောင် ဆောင်ရွက်နိုင် ခြင်းရှိ/မရှိ သိရှိလိုပါကြောင်း ပထမအကြိမ်လွှတ်တော်မှာ မေးမြန်းခဲ့ပါတယ်။ အဲဒီလို မေးမြန်းခဲ့ရာမှာ သက်ဆိုင်ရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြန်လည်ဖြေကြား

ခဲ့ရာမှာ ၂၀၁၃-၂၀၁၄ ရာသီမှာ သီးနှံဧက ၁၂၄၅ ဧက ပေးဝေနိုင်ပါကြောင်း၊ သာမန်ပြင်ဆင်ထိန်းသိမ်းစရိတ် ရန်ပုံငွေကျပ် ၁၇၅ သန်းဖြင့် လိုအပ်သည်များပြုပြင်ပြီး နှစ်အလိုက် ရန်ပုံငွေဖြင့် သတ်မှတ်စီမံကိန်းပြည့်မီအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားခဲ့ပါတယ်။ သို့သော်လည်းပဲ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ပြီးပြတ်မှုမရှိနိုင်ပါသဖြင့် ကတိကဝတ်စာရင်းမှာ ပယ်ဖျက်ခွင့်ပြုပါရန် လွှတ်တော်သို့ တင်ပြလာပါတယ်။ ဒါကြောင့်မို့လို့ ယခု အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်။ စစ်ကိုင်းမြို့ ဆင်တပ်မြစ်ရေတင်စီမံကိန်းသည် ပြည်သူ့ဘဏ္ဍာငွေ အမေရိကန်ဒေါ်လာ ၁.၂၀၁ သန်းနှင့် မြန်မာကျပ်ငွေသန်းပေါင်း ၃၂၂၀.၀၂၄ အကုန်အကျခံတည်ဆောက်ခဲ့ရခြင်း၊ မြောင်းပေါင်ပြုလုပ်ရာတွင် တောင်သူမြေများစွာ ပါဝင်သွားခြင်းတို့ဖြစ်ပေါ်ခဲ့ပြီး နှစ်ပေါင်း ၁၂ နှစ်ကျော်တိုင်ခဲ့သော်လည်း စိုက်ပျိုးရေပြည့်မီအောင် မပေးနိုင်သေးခြင်းနှင့် ချထားပေးသော ရန်ပုံငွေ ၁၇၅ သန်းအား မည်သည့်လုပ်ငန်းဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်းနှင့် ယခုအစိုးရသစ်လက်ထက်မှာ သတ်မှတ်ထားသော စီမံကိန်းအကျိုးပြုဧက ၆၅၀၀ ကို စိုက်ပျိုးရေ လုံလောက်စွာပေးဝေနိုင်အောင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယမေးခွန်းဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်းရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပြန်လည်ပြီးတော့ ရှင်းလင်းဖြေကြားရမယ်ဆိုရင် စစ်ကိုင်းတိုင်းဒေသကြီး ရေတင်အဆင့်လေးဆင့်ပါဝင်သော ဆင်တပ်မြစ်ရေတင်စီမံကိန်း အကျိုးပြုဧက ၆၅၀၀ အား ၂၇-၅-၂၀၀၄ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပြီးတော့ ၃၁-၃-၂၀၁၀ ရက်နေ့တွင် တည်ဆောက်ပြီးစီးခဲ့ပါတယ်။ မြစ်ရေတင်စီမံကိန်းအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစတင်ပြီးတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အုပ်ချုပ်မှုအောက်သို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးတော့ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ ဆင်တပ်မြစ်ရေတင်စီမံကိန်းမှာ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းအားဆောင်ရွက်ရန် ၂၀၁၄-

၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ သာမန်ရန်ပုံငွေကျပ် ၁၇၅ သန်း လျာထားတောင်းခံခဲ့သော်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရန်ပုံငွေစိစစ်ဖြတ်တောက်မှုအရ ကျပ် ၁၁၄.၆၆၂ သန်းသာ ခွင့်ပြုချက်ရရှိခဲ့ပြီးတော့ ရေပေးမြောင်းများ၊ ရေပေးအဆောက်အဦများ၊ ရေစုပ်စက်နှင့် လျှပ်စစ်ဓာတ်အားခွဲရုံများအပြင် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ခွင့်ပြုသာမန်ရန်ပုံငွေ ကျပ် ၅၁.၃၄ သန်းဖြင့် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့ပြီးတော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့သာမန်ရန်ပုံငွေမှာ ကျပ် ၈၃.၁၉ သန်း လျာထားတောင်းခံခဲ့ပြီးတော့ ခွင့်ပြုရရှိပါက ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် ဖြည့်စွက်တည်ဆောက်ခြင်းလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ထိုကဲ့သို့ နှစ်အလိုက်ပြင်ဆင်ထိန်းသိမ်းမှုများအား ပုံမှန်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် မြစ်ရေတင်စီမံကိန်း၏မူလရေပေးနိုင်သော သီးနှံစိုက်ဧက ၁၂၄၅ ဧကမှ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ သီးနှံစိုက်ဧက ၁၄၃၄ ဧက၊ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ သီးနှံစိုက်ဧက ၁၇၈၃ ဧကအထိ စိုက်ပျိုးရေ တိုးချဲ့ပေးဝေနိုင်ခဲ့ပြီးတော့ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ သီးနှံစိုက်ဧက ၂၀၀၀ အထိ စိုက်ပျိုးရေတိုးချဲ့ ပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ဆင်တပ်မြစ်ရေတင်စီမံကိန်းမှ အကျိုးပြုဧကပြည့်မီစွာရေပေးဝေနိုင်ရေးအတွက် ရေသောက်စနစ်များ ပြည့်စုံကောင်းမွန်မှုရှိစေရန်နှင့် ရေအလေအလွင့်ဆုံးရှုံးမှုလျော့နည်းစေရန် နှစ်စဉ်ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် ဖြည့်စွက်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန် လိုအပ်သည့်သာမန်ပြင်ဆင်ထိန်းသိမ်းစရိတ်ရန်ပုံငွေအား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေမှာ နှစ်အလိုက်လျာထားတောင်းခံပြီးတော့ ယခုအစိုးရသစ်လက်ထက်မှာလည်း တိုင်းဒေသကြီးအစိုးရ၏ခွင့်ပြုရန်ပုံငွေအပေါ် မူတည်ပြီးတော့ မြစ်ရေတင်စီမံကိန်းအကျိုးပြုဧကပြည့်မီဖို့ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**သရက်မြို့နယ်၊ ရေမျက်-ပုဏ္ဏားလမ်းပေါ်ရှိ တွင်းလည်ကျေးရွာနှင့် အုတ်ဖိုကျေးရွာတို့အကြား ရာသီမရွေးသွားလာနိုင်သည့် အရှည်ပေ(၂၉၀)ရှိသော ပနီချောင်းကူးတံတား တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကံမြင့်(သရက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့ဖြင့် ပြည့်စုံပါစေကြောင်း ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ သရက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံမြင့် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းချင်တဲ့ အကြောင်းအရာကတော့ သရက်မြို့ရဲ့အနောက်တောင်ဘက်ခြမ်းရှိ ကျေးရွာပေါင်း ၃၂ ရွာနှင့် အိမ်ခြေ ၄၆၀၀၊ လူဦးရေ ၁၈၀၀၀ တို့ ဖြတ်သန်းသွားလာနိုင်တဲ့ ရေမျက်-ပုဏ္ဏားလမ်းပေါ်ရှိ အရှည် ၂၉၀ ပေရှိတဲ့ ပနီချောင်းကူးတံတား တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိကို သက်ဆိုင်ရာကို ကျွန်တော်မေးမြန်းဖို့ ဖြစ်ပါတယ်။ ၎င်းပနီချောင်းဟာ နွေရာသီမှာ ရေရှိပြီးတော့ ချောင်းထဲမှာ ထန်းလုံးများချ၍ ကားများသွားလာရပါတယ်။ ကားတွေက တစ်ခါတစ်ရံမှ သွားလာရပါတယ်။ မိုးရာသီမှာ ချောင်းမှာကျယ်ပြီးတော့ ရေစီးအားကြမ်းသဖြင့် ကားများဖြတ်သန်းသွားလာ၍မရသောကြောင့် လမ်းပန်းဆက်သွယ်ရေးဟာ လုံးဝပြတ်တောက်သွားပါတယ်။ အဲဒီသရက်မြို့နယ်၊ အနောက်တောင်ဘက်ခြမ်းမှာရှိတဲ့ ကျွန်တော်တို့ သမိုင်းအစဉ်အလာကြီးမားတဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဟာ ဖက်ဆစ်ဂျပန်ကို တော်လှန်ခဲ့တဲ့ ပုဏ္ဏားကျေးရွာအပါအဝင် ကျေးရွာပေါင်း ၃၂ ရွာဟာ ရေမြေကောင်းမွန်သဖြင့် လယ်ယာထွက်ကုန်များ အမြောက်အမြားထွက်ရှိသော်လည်း အချိန်မီဈေးကွက်သို့ မပို့နိုင်သဖြင့် ရသင့်သောဈေးနှုန်းများ မရရှိခြင်း၊ အများအပြားစိုက်ပျိုးထုတ်လုပ်လိုသော်လည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် စီးပွားရေးအကျပ်အတည်းဖြစ်ကာ ကျေးရွာများဖွံ့ဖြိုးတိုးတက်သင့်သလောက် ဖွံ့ဖြိုးတိုးတက်မှုမရှိခြင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ ဒီဘက်မှာ ကျွန်တော်တို့စည်းရုံးရေးသွားတုန်းက ကျန်းမာရေးနှင့်ပတ်သက်လို့ပြောရရင်တော့ အဲဒီဘက်ကလူတွေ ပြောစမတ်ပြုတာကတော့ သူတို့သမီးရှင်တွေဟာ အိမ်ထောင်မပြုကြပါဘူးတဲ့။ သမီးကို အိမ်ထောင်မပေးစားကြပါဘူးတဲ့။ ဘာဖြစ်လို့လဲဆိုတော့ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့အတွက်ကြောင့် မီးဖွားတဲ့အခါမှာ အခက်အခဲဖြစ်ပြီးတော့ သေကြတဲ့အတွက်ကြောင့် သူတို့သမီးကို အိမ်ထောင်မပြုကြပါဘူးဆိုပြီးတော့ သူတို့အဲဒီလိုတောင်

ပြောစမတ်ပြုကြပါတယ်။ အဲဒီလောက်အထိ ဒီလမ်းဟာ တော်တော်ကို ခက်ခဲပါတယ်။ ပနီချောင်းကို ဖြတ်တဲ့ လမ်းတစ်ခုသာရှိတဲ့အတွက်ကြောင့် ဒုက္ခများစွာရောက်ရတဲ့အကြောင်းတွေ၊ နောက်မြို့ကို သွားရောက်ကျောင်းတက်ရတဲ့ ကျောင်းသူကျောင်းသားတွေဟာ ကျောင်းတက်ချိန်မှာ အခက်အခဲများ စွာရှိကြောင်း မဲဆန္ဒရှင်ပြည်သူတွေက ပြောတဲ့အတွက်ကြောင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အဆိုပါ ၂၉၀ ပေရှိတဲ့ ရာသီမရွေးသွားလာနိုင်တဲ့ ပနီချောင်းကူးတံတားအား တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တတိယမေးခွန်းဖြစ်တဲ့ မကွေးတိုင်းဒေသကြီး၊ သရက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံမြင့်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်လို့ ဖြေကြားရမယ်ဆိုလို့ရှိရင်တော့ ကိုယ်စားလှယ်တော် ကြီးရဲ့ မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်၊ ရေမျက်-ပုဏ္ဏားလမ်းမှာတည်ရှိတဲ့ တွင်းလည်ကျေးရွာ နှင့် အုတ်ဖိုကျေးရွာကြားရှိ ပနီချောင်းစဟာ အကျယ် ၂၇၀ ပေ ရှိပြီးတော့အရှည် ၂၉၀ ပေ ချောင်းကူးကွန်ကရစ်တံတားတည်ဆောက်ရန် လိုအပ်ပါတယ်။ အဆိုပါ ချောင်းကူးကွန်ကရစ်တံတား တည်ဆောက်ပါက ငွေကျပ် ၄၃၅ သန်းခန့် ကုန်ကျမှာဖြစ်ပြီးတော့ ကျေးရွာ ၃၂ ရွာ၊ အိမ်ခြေ ၄၆၁၆၊ လူဦးရေ ၁၈၇၂၀ ဦးတို့အား အကျိုးပြုမည်ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ လမ်းတံတားများကိုတည်ဆောက်ဖို့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်အားဖြင့် ၉၅၁၆.၂၀၅ သန်းဖြင့် လျာထားပြီးတော့ ကိုယ်စားလှယ်တော်ကြီးရဲ့ သရက်မြို့နယ်တစ်ခုလုံးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ လုပ်မယ့်လမ်းတံတားများအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၃၃၈ သန်းဖြင့် လျာထားပါ တယ်။ ကိုယ်စားလှယ်တော်ကြီးရဲ့ အလေးအနက်ထား တင်ပြတဲ့ ပနီချောင်းကူးကွန်ကရစ်တံတား တည်ဆောက်ဖို့က စုစုပေါင်း ၄၃၅ သန်း ကုန်ကျမှာဖြစ်တဲ့အတွက် မြို့နယ်တစ်မြို့လုံးကုန်ကျမယ့် စရိတ်ထက် များစွာကျော်လွန်နေတဲ့အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမှမေးမြန်းတဲ့

ရေမျက်-ပုဏ္ဏားလမ်းဟာ ပနီချောင်းကူးတံတားတည်ဆောက်ခြင်းလုပ်ငန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပါဝင်ခဲ့ခြင်းမရှိခဲ့ပါ၍ လတ်တလောဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း နှင့် နှစ်အလိုက်ဦးစားပေးအတိုင်း တင်ပြပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဆောမြို့နယ်၊ မင်းလယ်တောရေသွယ်မြောင်းပျက်စီးမှုအား စိုက်ပျိုးရာသီအမီ အမြန်ဆုံးပြန်လည် ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆောမဲဆန္ဒနယ်မှ ဦးကျော်တင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်တင်(ဆောမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်အပေါင်းတို့ခင်ဗျား။ မင်္ဂလာပါလို့ ပဏာမ နှုတ်ခွန်းဆက်လိုပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆောမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်ဖြစ်ပါတယ်။ ကျွန်တော်မေးချင်တာက မင်းလယ်တောရေသွယ် မြောင်း ပျက်စီးမှုအား အမြန်ဆုံးပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မရှိပါက မည်သည့်အချိန် မှာ ပြန်လည်ပြုပြင်ပေးနိုင်မယ်ဆိုတဲ့အကြောင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မင်းလယ်တောမြောင်းဟာ ဆောမြို့နယ်၊ ကျောက်ထုမြို့အနီး ငလွန်း ကျေးရွာ၊ သရက်ချဉ်ကျေးရွာနှင့် နသိုးကျေးရွာ သုံးရွာပေါင်း နှစ်သီးစားလယ်ဧက ၅၃၀ ကို ယောချောင်းမှတစ်ဆင့် စိုက်ပျိုးရေထောက်ပံ့ဝေတဲ့ ရေသွယ်မြောင်းဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်၊ ဇူလိုင် လ ၂၅ ရက်နေ့မှ ၃၁ ရက်နေ့ထိ ရေကြီးမှုကြောင့် မြောင်းဦးရေလွှဲပေါက်အထက်နားမှာ ကွန်ကရစ် ပေါင် ပေ ၂၅၀ ခန့်နှင့် ပန်းဆန်ကျေးရွာ ရေတံခါးအောက် ပေ ၁၅၀ ခန့် စုစုပေါင်း ပေ ၄၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ပါတယ်။ ဓာတ်ပုံများ ပူးတွဲတင်ပြထားပါတယ်။ လယ်သမားအင်အားဖြင့် စုပေါင်း၍ ဒေသထွက် သစ်ခတ်ဆည်များ၊ ပီနံမိုးကာများ အသုံးပြုကာ ယာယီရေသွယ်စိုက်ပျိုးနေရပါတယ်။ ထို့ကြောင့် ပျက်စီးသွားသော ရေလွှဲတံခါးနှင့် မြောင်းပေါင်များအား ရေရှည်တည်တံ့ခိုင်မြဲအောင် လယ်သမားများရဲ့ အင်အားထုဖြင့် ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် နိုင်ငံတော်မှ စိုက်ပျိုးရာသီ အမီ အမြန်ဆုံးပြန်လည်ပြုပြင်ပေးစေလိုပါတယ်။ အချိန်မီပြန်လည်ပြုပြင်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ မရှိပါက မည်သည့်အချိန်မှာ ပြန်လည်ပြုပြင်ပေးနိုင်ကြောင်း သိရှိလိုပါသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန

အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ စတုတ္ထမေးခွန်းဖြစ်တဲ့ မကွေးတိုင်းဒေသကြီး၊ ဆောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်လို့ ဖြေကြားရမယ်ဆိုလို့ရှိရင်တော့ ကိုယ်စားလှယ်တော်ကြီးရဲ့ မင်းလယ်တောမြောင်းသည် ဆောမြို့နယ်၊ ကျောက်ထုမြို့၊ ပန်းဆန်ကျေးရွာအနီးမှာ ယောချောင်းရေကို မြောင်းဦးရေခေါ်မြောင်းမှ တစ်ဆင့်သွင်းယူပြီးတော့ စိုက်ပျိုးရေပေးဝေနေသော ရေသွယ်မြောင်းတစ်ခုဖြစ်ပြီးတော့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ထိန်းသိမ်းထားခြင်းမရှိဘဲ ဒေသမှထိန်းသိမ်းထားပြီးတော့ ပတ်ဝန်းကျင်ကျေးရွာများဖြစ်တဲ့ ငလွန်းကျေးရွာ၊ သရက်ချဉ်ကျေးရွာနှင့် နသိုးကျေးရွာများမှ လယ်ယာမြေ ၅၃၀ ဧကအား စိုက်ပျိုးရေပေးဝေနေသော ဆည်တစ်ခုဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် မိုးရာသီအတွင်းမှာ မိုးသည်းထန်စွာ ရွာသွန်းပြီးတော့ ယောချောင်းရေကြီးရေလျှံမှုကြောင့် မြောင်းဦးရေခေါ်မြောင်းနှင့် ရေခေါ်မြောင်းပေါ်ရှိ ရေပိုလွှဲပျက်စီးခြင်း၊ မင်းလယ်တောမြောင်းပေါင် ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့မှုအပေါ် ဒေသခံများမှ တင်ပြမှသာ ဌာနအနေဖြင့် သိရှိခဲ့ရပြီးတော့ ယာယီပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကာ ယခုအခါ မိုးစပါးစိုက်ပျိုးရေ ပေးဝေလျက်ရှိပါတယ်။ အဆိုပါလုပ်ငန်းများမှာ ဌာန၏ စီမံခန့်ခွဲမှုအောက်တွင်မရှိဘဲ ဒေသမှ ထိန်းသိမ်းထားသည့် လုပ်ငန်းများဖြစ်သည့်အတွက် အခိုင်အမာ ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် လိုအပ်တဲ့ရန်ပုံငွေကို တိုင်းဒေသကြီးအစိုးရမှ ရန်ပုံငွေခွဲဝေပေးမှသာလျှင် ဌာနအနေဖြင့် ဝင်ရောက်ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မင်းလယ်တောရေသွယ်မြောင်း အခိုင်အမာ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဖြစ်တဲ့ မြောင်းဦးရေခေါ်မြောင်း မြေကာနံရံအလျား ၂၀၀ ပေ တည်ဆောက်ခြင်း၊ မြောင်းဦးရေခေါ်မြောင်းပေါ်ရှိ ရေပိုလွှဲပြုပြင်ခြင်း၊ မင်းလယ်တောမြောင်းမြေကာနံရံ အလျား ၃၀၀ ပေ တည်ဆောက်ခြင်းစသည့်လုပ်ငန်းများအတွက် ခန့်မှန်းကုန်ကျငွေ ကျပ် ၅၅ သန်းခန့်ကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တတိယသုံးလပတ်တွင် ရန်ပုံငွေခွဲဝေချထားပေးရန်

စီမံဆောင်ရွက်လျက်ရှိပါသောကြောင့် ရန်ပုံငွေရရှိမှုအပေါ်မှာအခြေခံပြီးတော့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနကနေကပြီးတော့ မင်းလယ်တောရေသွယ်မြောင်း ပြုပြင်ခြင်းလုပ်ငန်းများကို ယခုနှစ်ပွင့်လင်းရာသီမှာ စတင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် အချိန်မီပြီးစီးရေး စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း မကွေးတိုင်းဒေသကြီး အစိုးရရဲ့ဖြေကြားချက်နှင့် ပေါင်းစပ်ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအုပ်စု၊ လောင်ကျန် ကျေးရွာ ကိုယ်ထူကိုယ်ထလက်ရိုက်ဆည်အားကျောက်စီ ကွန်ကရစ်ဆည်အဖြစ် တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိနှင့် တည်ဆောက်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းယန်းမဲဆန္ဒနယ်မှ ဦးစိုင်းဆမ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဆမ်(မိုင်းယန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းယန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆမ် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ ကျောက်ဖိ ကျောက်စီကွန်ကရစ်ဆည် တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိမေးခွန်းကို မေးမြန်းခြင်းဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအုပ်စု၊ လောင်ကျန်ကျေးရွာတွင် ကျေးရွာသူ/ကျေးရွာသားများ ရာသီမရွေးစိုက်ပျိုးရေးအဆင်ပြေစွာရေရရှိရေးအတွက် ဒီမေးခွန်းကို မေးမြန်းခြင်းဖြစ်ပါတယ်။ မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအုပ်စု၊ လောင်ကျန်ကျေးရွာတွင် နမ့်လွေချောင်းရေထွက်ရှိပြီး ၎င်းချောင်းပေါ်မှုတည်ပြီးတော့ ကိုယ်ထူကိုယ်ထဆည်အဖြစ် တည်ဆောက်ပြီး စိုက်ပျိုးလုပ်ကိုင်ကြပါတယ်။ ၎င်းဆည်ရဲ့အလျားပေ ၁၀၀ ခန့်ရှိပါသည်။ ၎င်းလက်ရိုက်ဆည်သည် နှစ်စဉ်ပျက်စီးပြီး ကျေးရွာသူ/ကျေးရွာသားများ နှစ်စဉ်ပြုပြင်နေရ သည့်အတွက်ကြောင့် အခက်အခဲများ ကြုံတွေ့နေရပါတယ်။ ၎င်းဆည်အား ကျောက်စီကွန်ကရစ်ဆည်အဖြစ် တည်ဆောက်ပေးစေလိုကြပါတယ်။

သို့ဖြစ်ပါ၍ ဒေသခံပြည်သူများရဲ့ကိုယ်စား မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအုပ်စု၊ လောင်ကျန်ကျေးရွာ လက်ရိုက်ဆည်ဟာ ကျောက်စီကွန်ကရစ်ဆည်အဖြစ် တည်ဆောက်ပေးနိုင်ခြင်း

ရှိ/မရှိနှင့် တည်ဆောက်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဉ္စမမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆမ်၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအုပ်စု၊ လောင်ကျန်ကျေးရွာ ကိုယ်ထူကိုယ်ထလက်ရိုက်ဆည်အား ကျောက်စီကွန်ကရစ်ဆည်အဖြစ် တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိနှင့်ပတ်သက်ပြီးတော့ ဖြေကြားရမယ်ဆိုလို့ရှိရင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအုပ်စု၊ လောင်ကျန်ကျေးရွာအနီး၊ နမ့်လွေချောင်းပေါ်မှာရှိတဲ့ သစ်၊ ဝါးများဖြင့် တည်ဆောက်ထားတဲ့ တစ်ဖက်ရပ်ဆည်သည် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၏ စီမံခန့်ခွဲမှုအောက်မှာမရှိဘဲနဲ့ ဒေသနေတောင်သူများမှ ကိုယ်ထူကိုယ်ထတည်ဆောက်ထားတဲ့ တစ်ဖက်ရပ်ဆည်တစ်ခုဖြစ်ပါတယ်။ အဆိုပါတစ်ဖက်ရပ်ဆည်မှာ အလျား ၁၀၀ ပေ၊ အမြင့် ၉ ပေခန့်ရှိပြီးတော့ ရေပေးမြောင်းဖြင့် ဆက်လက်သွယ်ယူကာ မိုးစပါး ၁၁၅ ဧကအတွက် စိုက်ပျိုးရေရရှိလျက်ရှိပါတယ်။ နမ့်လွေချောင်းမှာ ရေဆင်းဧရိယာ ကြီးမားကျယ်ပြန့်ပြီးတော့ တောင်ကျချောင်းဖြစ်သည့်အလျောက် ချောင်းကြမ်းပြင်အလျောမတ်စောက်ပြီးတော့ မိုးရာသီမှာ အလွန်ရေစီးသန်တဲ့အတွက် တစ်ဖက်ရပ်ဆည်မှာ နှစ်စဉ်ရေတိုက်စားပြီးတော့ ပျက်စီးမှုများ ဖြစ်ပေါ်နေရခြင်း ဖြစ်ပါသည်။ နမ့်လွေချောင်းမှာ အကျယ် ၁၀၀ ပေခန့်ရှိသည့်အတွက် အဆိုပါချောင်းပေါ်မှာ ကျောက်စီကွန်ကရစ် ရေလွှဲဆည်အဖြစ် အခိုင်အမာတည်ဆောက်ရန်မှာ လုပ်ငန်းပမာဏကြီးမားပြီးတော့ ကုန်ကျစရိတ်များပြားပြီး အကျိုးပြုဧရိယာမှာ ၁၁၅ ဧကခန့်သာရှိသဖြင့် ကုန်ကျစရိတ်နှင့် အကျိုးအမြတ်တွက်ခြေကိုက်မှုနည်းပါးသော်လည်း ဖွံ့ဖြိုးမှုနည်းပါးသည့် ပြည်နယ်ဒေသဖြစ်သည့်အတွက် စီးပွားရေးဆိုင်ရာ အကျိုးအမြတ်ထက် လူမှုစီးပွားဘဝ ဖွံ့ဖြိုးမှုဆိုင်ရာ အကျိုးအမြတ်ကို အဓိကထား၍ မရှိမဖြစ်လိုအပ်သော စိုက်ပျိုးရေပေးဝေနိုင်စေရေးအတွက် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ ဒေသတွင်းမှာမိုးစပါးစိုက်ဧက ၁၁၅ ဧကခန့်အား စိုက်ပျိုးရေရရှိရေးအတွက် လောင်ကျန်ကျေးရွာမှာရှိတဲ့ နမ့်လွေချောင်းပေါ်မှာ တောင်သူလယ်သမားများရဲ့ ကိုယ်ထူကိုယ်ထ အစီအစဉ်ဖြင့် သစ်၊ ဝါးများအသုံးပြုပြီး တည်ဆောက်ထားတဲ့ တစ်ဖက်ရပ်ဆည်ကို ကျောက်စီကွန်ကရစ်ရေလွှဲဆည်အဖြစ် အဆင့်မြှင့်တင်တည်ဆောက်ပေးရန် လိုအပ်ပါကြောင်းနှင့် ရှမ်းပြည်နယ်အစိုးရ၏ ဖြေကြားချက်တွင်လည်း လိုအပ်ရန်ပုံငွေကျပ်သန်း ၁၅၀ အား ၂၀၁၆-၂၀၁၇ ခုနှစ် မူလခွင့်ပြုရန်ပုံငွေစာရင်းမှာ ခွဲဝေရရှိခဲ့ခြင်းမရှိပါသဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေမှာ ဆက်လက်တောင်းခံသွားမည်ဖြစ်ကြောင်းနှင့် ရန်ပုံငွေရရှိပါက လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှမ်းပြည်နယ်အစိုးရရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။ သက်ဆိုင်ရာ ဒုတိယဝန်ကြီး ထွက်ခွာနိုင်ပါပြီ။

**ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအခန်း(၇) ပုဒ်မ ၂၁ ပုဒ်မခွဲ(ဂ)အရ ပြည်ထောင်စုအစိုးရမှ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲဝင်များအတွက် ထိုက်သင့်သည့် လစဉ်ချီးမြှင့်ငွေနှင့်စရိတ်တို့အား ရရှိခံစားနိုင်ရန် သတ်မှတ်ထားခြင်းကို ပြန်လည်သုံးသပ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုးက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါက်တာလှမိုးအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာလှမိုး(အောင်မြေသာစံမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား အဆိုတင်သွင်းနိုင်ရန် Power Point သုံးစွဲခွင့်ပြုရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ဒီနေ့ ကျွန်တော်တင်သွင်းမယ့်အဆိုကတော့

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကိုပြင်ဆင်သည့် ဥပဒေအခန်း(၈)ပုဒ်မ ၂၁ ပုဒ်မခွဲ(ဂ) အရ ပြည်ထောင်စုအစိုးရမှ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲဝင်များ အတွက် ထိုက်သင့်သည့် လစဉ်ချီးမြှင့်ငွေနှင့်စရိတ်တို့အား ရရှိခံစားနိုင်ရန် သတ်မှတ်ထားခြင်းကို ပြန်လည်သုံးသပ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့ ကမ္ဘာပေါ်မှာ ဒီမိုကရေစီစနစ်ကိုကျင့်သုံးနေတဲ့ နိုင်ငံပေါင်း ၁၃၀ ကျော်ရှိပါတယ်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးတဲ့ နိုင်ငံတိုင်းမဖြစ်မနေ လျှောက်လှမ်းရမယ့်လမ်းတစ်ခုကတော့ ရွေးကောက်ပွဲများပဲ ဖြစ်ပါတယ်။ ဒီ ရွေးကောက်ပွဲများမှာ အောင်မြင်ချောမွေ့စွာကျင်းပနိုင်ဖို့ ရွေးကောက်ပွဲကော်မရှင်ဆိုတာ လိုပါတယ်။ ရွေးကောက်ပွဲကော်မရှင်ရဲ့ သမာသမတ်ကျမှု၊ ပွင့်လင်းမြင်သာမှု၊ ဆောင်ရွက်နိုင်မှုတွေအပေါ် မှာမူတည်ပြီးမှ ရွေးကောက်ပွဲကြီးတစ်ခုလုံးအောင်မြင်စွာ ဖြစ်ထွန်းမှသာလျှင် ဒီမိုကရေစီစနစ်ကလည်း ပိုမိုခိုင်မာစွာဖြစ်ထွန်းမယ်ဆိုတာ ယုံကြည်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမိုကရေစီစနစ်ကျင့်သုံးတဲ့ နိုင်ငံ တိုင်းမှာ ရွေးကောက်ပွဲကော်မရှင်ဟာ အလွန်အရေးပါသောအခန်းကဏ္ဍမှာ ရှိတယ်ဆိုတာကိုလည်း လက်ခံပါတယ်။

ဒါကြောင့်မို့လို့ ပထမအကြိမ် လွှတ်တော်အသီးသီးမှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ ကလည်း ရွေးကောက်ပွဲလုပ်ငန်းတွေမှာ စေတနာအလျှောက် ပါဝင်ဆောင်ရွက်ခဲ့ကြတဲ့ နိုင်ငံ့ဝန်ထမ်း မဟုတ်တဲ့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်တွေအတွက် ထိုက်သင့်တဲ့ လစာချီးမြှင့်ဖို့၊ ထောက်ပံ့ဖို့ အတွက် သက်ဆိုင်ရာလွှတ်တော်တွေမှာ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်တွေမှာ မေးခွန်း တွေလည်းမေးမြန်းခဲ့ပါတယ်။ အဆိုတွေလည်း တင်သွင်းပြီးတော့ လစဉ်ချီးမြှင့်ငွေနဲ့ စရိတ်တွေကို ပေးအပ်ဖို့ အဆိုတွေကိုလည်း မဲခွဲဆုံးဖြတ်ခဲ့ကြပါတယ်။

ဒီဆုံးဖြတ်ချက်အရ ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆွေးနွေးဆုံးဖြတ်အတည်ပြုပြဋ္ဌာန်းခဲ့ပါတယ်။ ဒီဆုံးဖြတ်ပြီး ခဲ့တဲ့ ဥပဒေကိုလည်း ၁၄-၇-၂၀၁၅ မှာ နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီး ဥပဒေအဖြစ် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေမှာ အခန်း(၈) ပုဒ်မ ၂၁ ပုဒ်မခွဲ(ဂ)မှာ ကော်မရှင်သည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဆင့်ဆင့်သောကော်မရှင်အဖွဲ့ခွဲဝင်များအတွက် ထိုက်သင့်တဲ့ လစဉ်

ချီးမြှင့်ငွေနှင့်စရိတ်တို့ကို ရရှိခံစားနိုင်စေရန်အတွက် ပြည်ထောင်စုအစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ရမယ်လို့ ဖော်ပြပါရှိပါတယ်။ ဒီနေရာမှာ ထူးခြားချက်တစ်ခုကတော့ လစဉ်ချီးမြှင့်ငွေနှင့်စရိတ်ဆိုတဲ့နေရာမှာ အချိန်ကာလသတ်မှတ်ချက်မပါပါဘူး။ ရွေးကောက်ပွဲကျင်းပနေတဲ့ ကာလမှာပဲလား၊ သုံးလလား၊ ခြောက်လလား၊ ကိုးလလား၊ တစ်နှစ်လား။ သို့တည်းမဟုတ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့များသည် လွှတ်တော်သက်တမ်းနှင့် အတူတူပဲဖြစ်သည်ဆိုသည့်အတွက်ကြောင့် လပေါင်း ၆၀ ချီးမြှင့်မှာလားဆိုတာ သတ်မှတ်ချက်မပါပါဘူး။ ဒါဟာ အထူးစဉ်းစားစရာအချက်ပါ။ နောက်တစ်ချက်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ အခန်း(၅) ပုဒ်မ ၁၄ နှင့် ၁၅ မှာ ကော်မရှင်သည် ပုဒ်မ ၁၀ ပုဒ်မခွဲ(ဂ)အရ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းရာမှာ အများယုံကြည်လေးစားခြင်းခံရတဲ့ ပုဂ္ဂိုလ်အနည်းဆုံးသုံးဦးနဲ့ ဖွဲ့စည်းရမယ်လို့ပါပါတယ်။ အဲဒီထဲက တစ်ဦးကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်မှာပါ။ ပြောရမယ်ဆိုရင်တော့ အနည်းဆုံးသာပါပြီးတော့ အများဆုံးဦးရေမပါရှိပါဘူး။ ၁+၂ ပါ။ ဒါပေမဲ့လည်း ဒီလိုမပါရှိတဲ့အတွက်ကြောင့် ၂၀၀၈ ခုနှစ် ရွေးကော်ပွဲကစပြီးတော့ တိုင်းနှင့်ပြည်နယ်၊ ခရိုင်တို့နှင့် ရွေးကောက်ပွဲကော်မရှင်တွေမှာ ၁+၅=၆ ဦး ခန့်ထားပြီးတော့ ရပ်ကွက်/ကျေးရွာရွေးကောက်ပွဲကော်မရှင်တွေမှာ ၁+၁၀ အနေနဲ့ ၁၁ ဦးခန့်အပ် ခဲ့တာကိုလည်း တွေ့ရပါတယ်။

အခုအချိန်မှာဆိုလို့ရှိရင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေအရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်ကော်မရှင်တွေကို ခန့်အပ်ဖို့ရန်အတွက် လုပ်ကိုင်ဆောင်ရွက်လိုတဲ့သူတွေကို လာရောက် လျှောက်ထားနိုင်ကြောင်း ပထမဆုံးလျှောက်လွှာခေါ်ယူနေပြီ ဖြစ်ပါတယ်။ အဲဒီနောက် အောက်တိုဘာလ ၁ ရက်နေ့မှာ စတင်ပြီး ခန့်ထားတော့မှာ ဖြစ်ပါတယ်။ ဒီဥပဒေအရပဲ ပြည်ထောင်စုအစိုးရက လစဉ်စရိတ်နှင့် ချီးမြှင့်ငွေများ သတ်မှတ်ပေးရမယ်ဆိုတဲ့အတွက်ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ်(၂၁၆/၂၀၁၆) နှင့် ပြည်ထောင်စုဝန်ကြီးဖြစ်တဲ့ ဦးကျော်ဝင်းက လက်မှတ်ရေးထိုးပြီးတော့ ဘယ်လောက်ချီးမြှင့်မယ်ဆိုတာကို ကျွန်တော်တို့ သတ်မှတ်ပေးထားခဲ့ပါတယ်။ တိုင်းနှင့်ပြည်နယ်ဒေသမှာရှိတဲ့ ကော်မရှင်ဥက္ကဋ္ဌတွေကို လစဉ် သုံးသိန်းလေးသောင်း ကော်မရှင်အဖွဲ့ဝင်တွေကို သုံးသိန်းတစ်သောင်း၊ နောက်ကိုယ်ပိုင်းအုပ်ချုပ်ခွင့်ဒေသနှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်တွေအတွက် ဥက္ကဋ္ဌကို လစဉ်ချီးမြှင့်ငွေသုံးသိန်းတစ်သောင်း၊ နောက်အဖွဲ့ဝင်တွေအတွက် နှစ်သိန်းရှစ်သောင်း မြို့နယ် ကော်မရှင်

အတွက် ဥက္ကဋ္ဌကို နှစ်သိန်းရှစ်သောင်းနဲ့ အဖွဲ့ဝင်တွေကို နှစ်သိန်းခွဲ၊ နောက် ရပ်ကွက် ကော်မရှင် အဖွဲ့ခွဲဝင်တွေအတွက် ဥက္ကဋ္ဌကို ကိုးသောင်းနဲ့ အဖွဲ့ဝင်တွေကို ခုနစ်သောင်း ချီးမြှင့်ဖို့ တရားဝင် ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။

ဒီလိုချီးမြှင့်တဲ့အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ နိုင်ငံ့ဝန်ထမ်းတွေ မဟုတ်တဲ့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်အသီးသီးအတွက် ချီးမြှင့်ရမယ့်ပမာဏသည် တစ်နှစ်ကို ဘီလီယံ ၅၀ ထိ တိုးတက်လာပါတယ်။ ဒါစဉ်းစားရမယ့်အချက်ပါ။ ဒါ ရွေးကောက်ပွဲတစ်နှစ်လုံးအပြည့် ထမ်းဆောင်ရတာမဟုတ်ဘဲနဲ့ ကျွန်တော်တို့က ဘီလီယံ ၅၀ အထိ ချီးမြှင့်ရမှာပါ။ ဒီလိုမှမဟုတ်ဘဲနဲ့ လပေါင်း ၆၀ ချီးမြှင့်မယ်ဆိုလို့ရှိရင် ဒီသက်တမ်းတစ်လျှောက်လုံးမှာ ဘီလီယံ ၃၀၀ ကျွန်တော်တို့ အသုံးပြုရမှာဖြစ်ပါတယ်။ ဒါဟာ အလွန်တရာမှကြီးမားတဲ့ပမာဏပါ။ ဒီ ဘီလီယံ ၅၀ ဆိုတာက ခုနက ပြောတဲ့ အနည်းဆုံး ၁+၂ သုံးဦးအတွက်ပဲ ချီးမြှင့်ဖို့ပဲဖြစ်ပါတယ်။ တကယ်လို့ လက်ရှိ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာဆောင်ရွက်ခဲ့တဲ့အတိုင်းပဲ ၁+၅ နဲ့သာ ချီးမြှင့်ခဲ့မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံဟာ တစ်နှစ်ကို ဒီရွေးကောက်ပွဲ နိုင်ငံ့ဝန်ထမ်းမဟုတ်တဲ့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်အသီးသီး အတွက် ၁၆၇ ဘီလီယံသုံးရမှာဖြစ်ပါတယ်။ ၅ နှစ်စာ လပေါင်း ၆၀ အတွက်ဆိုလို့ရှိရင် ကျွန်တော်တို့ ဘီလီယံ ၈၀၀ ကျော် သုံးရမှာဖြစ်ပါတယ်။ ဒီပမာဏဟာ ကျွန်တော်တို့ တော်တော်ကြီးကိုများပါတယ်။ ကျွန်တော်တို့ စဉ်းစားရမယ့်အချက်ပါ။ အဲဒီအခါမှာ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေကို ဘယ်သူတွေ ကလုပ်ကြမှာတုန်း။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှာ အမြဲတမ်းခန့်အပ်ထားတဲ့ ဝန်ထမ်းတွေ ရှိပါတယ်။ အောက်ခြေအဆင့်အထိ အရာထမ်း ၅၀၆ ဦး၊ အမှုထမ်း ၁၃၆၈ ဦး ဝန်ထမ်းအင်အား စုစုပေါင်း ၁၈၇၄ ဦးရှိပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် တစ်နှစ်စာ ဒီဝန်ထမ်းအသီးသီး အတွက် ကုန်ကျရမယ့် လစဉ်ချီးမြှင့်မယ့်စရိတ်ဟာ ၃.၈၇ ဘီလီယံပဲရှိပါတယ်။ တော်တော်လေးကို နည်းပါတယ်။ ခုနကပမာဏနဲ့ကြည့်မယ်ဆိုရင် တော်တော်လေးကိုနည်းပါတယ်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးတစ်ခုလုံးမှာလည်း လုပ်ငန်းစဉ်အသီးသီးအတွက် အသုံးပြုခဲ့တဲ့ ရွေးကောက်ပွဲအသုံးစရိတ်ကို ပြန်ကြည့်မယ်ဆိုရင်လည်း လုပ်ငန်းစဉ်ကြီးတစ်ခုလုံးမှာမှ ၃၇.၇၁ ဘီလီယံပဲ ကုန်ပါတယ်။ ဒါကြောင့်မို့လို့ ခုနကလို ၁+၃ ဦးခန့်အပ်မယ်ဆိုရင် ဘီလီယံ ၅၀ တစ်နှစ်ကို၊ ၁+၅ ဦးခန့်အပ်မယ်ဆိုရင် ၁၆၇ ဘီလီယံနဲ့တွက်မယ်ဆိုရင် ဒါဟာ တော်တော်လေးကိုနည်းပါးတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့တစ်တွေစဉ်းစားကြရမှာပါ။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခုလိုအချိန်မျိုးမှာ ပညာရေး၊ ကျန်းမာရေးနှင့် နိုင်ငံတော်အတွက် အဘက်ဘက်ကဖွံ့ဖြိုးတိုးတက်ဖို့အတွက် ငွေကိုစိစစ်ပြီးသုံးစွဲနေရတဲ့အချိန်မှာ ဒီလစဉ်ချီးမြှင့်ငွေနှင့်စရိတ်တွေအတွက် ကျခံသုံးစွဲရမယ့် ငွေပမာဏဟာ အလွန်တရာမှ ကြီးမားလွန်းတဲ့အတွက် နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေမယ်ဆိုတာ သေချာပါတယ်။ ဒီလို နိုင်ငံ့ဝန်ထမ်းမဟုတ်တဲ့ အဆင့်ဆင့်သော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်တွေဟာလည်းပဲ အမြဲတမ်းအချိန်ပြည့် တာဝန်ပေးအပ်ရန်လည်း မလိုအပ်ပါဘူး။ ဒီလိုအထွေထွေရွေးကောက်ပွဲ ဒါမှမဟုတ် ကြားဖြတ်ရွေးကောက်ပွဲကျင်းပတဲ့အချိန်ကျမှ လုပ်ငန်းလိုအပ်ချက်အရ ကာလတစ်ခုသတ်မှတ်ဖွဲ့စည်းပြီးမှ လစဉ်ငွေချီးမြှင့်မယ်ဆိုရင် ပိုမိုပြီးသင့်လျော်တယ်ဆိုတာ ကျွန်တော်တို့ သိသာထင်ရှားစေပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီလို နိုင်ငံ့ဝန်ထမ်းမဟုတ်တဲ့ အဆင့်ဆင့်သောရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များအတွက် ကျွန်တော်တို့ စဉ်းစားရမယ့်အချက်သုံးချက် ပေါ်လာပါတယ်။ နံပါတ်(၁)အချက်ကတော့ လစဉ်ချီးမြှင့်ငွေနှင့်စရိတ်ပေးအပ်မည့်ကာလ ပြန်လည်သုံးသပ်ဖို့လိုပါပြီ။ နံပါတ်(၂) လစဉ်ချီးမြှင့်ငွေနှင့်စရိတ်ပမာဏ ပြန်လည်သုံးသပ်ဖို့လိုပါပြီ။ နောက် ခန့်အပ်မယ့်အဖွဲ့ဝင်ဦးရေ ပြန်လည်သုံးသပ်ဖို့လိုအပ်တဲ့အတွက်ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ အခန်း(၈) ပုဒ်မ ၂၁ ပုဒ်မခွဲ(ဂ) အရ ပြည်ထောင်စုအစိုးရမှ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲဝင်များအတွက် ထိုက်သင့်သည့် လစဉ်ချီးမြှင့်ငွေနှင့်စရိတ်တို့အား ရရှိခံစားနိုင်ရန် သတ်မှတ်ထားခြင်းကို ပြန်လည်သုံးသပ်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာလှမိုးတင်သွင်းတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးမြင့်(ခ)ဦးအောင်ဇော်မြင့်(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ မေတ္တာပို့ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ အမရပူရမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်(ခ) ဦးအောင်ဇော်မြင့် ဖြစ်ပါတယ်။ ကျွန်တော်က အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး အဆိုပြုတင်သွင်းတဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်တဲ့ဥပဒေ အခန်း(၈) ပုဒ်မ ၂၁

ပုဒ်မခွဲ(ဂ)အရ ပြည်ထောင်စုအစိုးရမှ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဆင့်ဆင့်သောကော်မရှင်အဖွဲ့ခွဲဝင်များအတွက် ထိုက်သင့်သည့်လစာချီးမြှင့်ငွေနှင့် စရိတ်တို့အား ရရှိခံစားနိုင်ရန် သတ်မှတ်ထားခြင်းကို ပြန်လည်သုံးသပ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီစနစ်ကို ဦးတည်အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်လို့ပြောလိုက်တာနဲ့ တွဲလျက်ပါလာတာကတော့ ရွေးကောက်ပွဲများဖြစ်ပါတယ်။ ရွေးကောက်ပွဲတစ်ခုကျင်းပရာမှာလည်း အဓိကကျတဲ့အဖွဲ့အစည်းကတော့ သမာသမတ်ကျတဲ့ရွေးကောက်ပွဲကော်မရှင်ပဲဖြစ်ပါတယ်။ ရွေးကောက်ပွဲတစ်ခုရဲ့ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ အနှောင်အဖွဲ့ကင်းစွာဆောင်ရွက်နိုင်ခြင်းဟာ ဒီမိုကရေစီရဲ့ အနှစ်သာရပဲဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီမိုကရေစီစနစ်ကိုကျင့်သုံးသော နိုင်ငံတိုင်းမှာ ရွေးကောက်ပွဲကော်မရှင်ကို အထူးဂရုပြုဖွဲ့စည်းထားတာကိုလည်း တွေ့မြင်နိုင်ပါတယ်။ ဒီမိုကရေစီစနစ်ကျင့်သုံးတဲ့နိုင်ငံများမှာ ရွေးကောက်ပွဲကော်မရှင်ကို အမြဲတမ်းဖွဲ့စည်းထားတာမျိုးမဟုတ်သလို အမြဲတမ်း လစဉ်ချီးမြှင့်ငွေပေးအပ်ထားတာမဟုတ်ပါဘူး။ ရွေးကောက်ပွဲကျင်းပမယ့် သတ်မှတ်ကာလအပိုင်းအခြားအတွင်းမှာသာ သမာသမတ်ကျသူများအား ရွေးချယ်ဖွဲ့စည်းဆောင်ရွက်တာကို တွေ့ရပါတယ်။ ဒီလိုရွေးချယ်ဖွဲ့စည်းရာမှာလည်း အဆင့်ဆင့်သောကော်မရှင်အဖွဲ့ခွဲဝင်များဟာ လုပ်အားပေးအဖွဲ့အစည်းများသာ ဖြစ်ပါတယ်။ အခကြေးငွေနှင့်စရိတ်တို့ ချီးမြှင့်ခြင်းမရှိကြပါဘူး။ ဒီလိုပါပဲ မြန်မာပြည်မှာကျင်းပပြုလုပ်ခဲ့တဲ့ ရွေးကောက်ပွဲတွေမှာလည်း ရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲအသီးသီးမှာ ဆောင်ရွက်ခဲ့ကြတဲ့သူများဟာ လုပ်အားပေးတွေအနေနဲ့ ဆောင်ရွက်ခဲ့ကြတဲ့ပုဂ္ဂိုလ်များဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအထိပါပဲ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲအသီးသီးမှာ ပါဝင်ဆောင်ရွက်ခဲ့ကြတဲ့ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲဝင်များအနေနဲ့လည်း ရွေးကောက်ပွဲကျင်းပသည့်ကာလဖြစ်တဲ့ သုံးလမှ ခြောက်လအထိကာလအတွင်း ရွေးကောက်ပွဲကြီးတစ်ခုလုံးချောမောအောင်မြင်စွာ ကျင်းပနိုင်ဖို့ မနားမနေကြိုးစားလုပ်ဆောင်တာကိုလည်း တွေ့မြင်ခဲ့ကြရပါတယ်။ ဒီအတွက်လည်း ချီးကျူးဂုဏ်ယူဖွယ်ကောင်းလှပါတယ်။ ဒီလိုဆောင်ရွက်ကြပေမယ့်လည်းပဲ ညည်းညူခြင်းမရှိကြပါဘူး။ နိုင်ငံသူနိုင်ငံသားများနှင့်တိုင်းပြည်အတွက်ဆိုတဲ့စိတ်နှင့် အကျိုးအမြတ်တစ်စုံတစ်ရာ မမျှော်ကိုးဘဲ ကျေကျေပွန်ပွန်ဆောင်ရွက်

**မူကြမ်း**

ခဲ့ကြတာလည်းဖြစ်ပါတယ်။ ဒီအတွက်ကြောင့် နိုင်ငံတော်က နိုင်ငံ့ဝန်ထမ်းမဟုတ်တဲ့ အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲဝင်များအတွက် ထိုက်သင့်သော လစဉ်ချီးမြှင့်ငွေနှင့်စရိတ်တို့အား ရရှိခံစားနိုင်ရန် ဥပဒေပြုသတ်မှတ်ထားခြင်းကိုလည်း ကျွန်တော်တို့လက်ခံပါတယ်။ ဒါပေမဲ့ အမှန်တကယ်လုပ်ကိုင်ဆောင်ရွက်ရတဲ့ကာလကိုသာ ချီးမြှင့်တာက ပိုပြီးသင့်တော်လိမ့်မယ်လို့ ထင်မြင်ယူဆမိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရွေးကောက်ပွဲတစ်ခုကျင်းပချိန်မှာ နိုင်ငံ့ဝန်ထမ်းမဟုတ်တဲ့ အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲဝင်များ တာဝန်ဆောင်ရွက်ချိန်ဟာ သုံးလမှခြောက်လကြားသာရှိတယ်ဆိုတာ ရွေးကောက်ပွဲတစ်ခုဖြတ်သန်းခဲ့သူတိုင်း သိရှိနားလည်ပြီးဖြစ်ပါတယ်။ ယခုအခါမှာ ပြည်ထောင်စုအစိုးရက ဥပဒေမှာ ပြဋ္ဌာန်းထားတဲ့အတိုင်း လစဉ်ချီးမြှင့်ငွေနှင့်စရိတ်တို့ကို လွှတ်တော်သက်တမ်းအတိုင်း လပေါင်း ၆ဝ ချီးမြှင့်ရန် လျာထားသတ်မှတ်ခြင်းဟာ ပြည်ထောင်စုအစိုးရအနေနဲ့ ပြန်လည်စဉ်းစားသင့်တဲ့အချက်တစ်ခုလို့ မြင်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ အစစအရာရာဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေတဲ့အတွက် နိုင်ငံတစ်ဝန်းပြန်လည်ဖြည့်ဆည်းစရာအခြေအနေများဟာ နေရာတိုင်း၊ နယ်ပယ်တိုင်းမှာ ရှိနေပါတယ်။ ဒါတွေကိုဖြည့်ဆည်းဆောင်ရွက်နိုင်ဖို့ နိုင်ငံ့ဘဏ္ဍာငွေများကို စနစ်တကျစိစစ်သုံးစွဲနေရချိန် နိုင်ငံတော်ဘတ်ဂျက်မှာကြည့်ရင်လည်း နှစ်စဉ်လိုငွေနဲ့ပဲလည်ပတ်နေရတဲ့အချိန်မှာ ယခု ပြည်ထောင်စုအစိုးရက နိုင်ငံ့ဝန်ထမ်းမဟုတ်တဲ့ အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲဝင်များအတွက် ထိုက်သင့်သည့် လစာချီးမြှင့်ငွေနှင့်စရိတ်တို့အား ရရှိခံစားနိုင်ရန် သတ်မှတ်ထားခြင်းဟာ နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေမှာအမှန်ပါပဲ။ အဲဒါကြောင့်မို့လို့ ဒေါက်တာလှမိုးအဆိုပြုတင်ပြတဲ့အထဲမှာပါဝင်တဲ့ လစဉ်ချီးမြှင့်ငွေပမာဏနှင့်စရိတ်၊ ချီးမြှင့်မည့်ကာလ၊ အဖွဲ့ဝင်ဦးရေတို့ကို ပြန်လည်သုံးသပ်ရန်လိုအပ်သည့်အတွက်ကြောင့် အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုးတင်သွင်းတဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ အခန်း(၈) ပုဒ်မ ၂၁ ပုဒ်မခွဲ(ဂ)အရ ပြည်ထောင်စုအစိုးရမှ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ဝင်များအတွက် ထိုက်သင့်သည့် လစဉ်ချီးမြှင့်ငွေနှင့်စရိတ်တို့အား ရရှိခံစားနိုင်ရန် သတ်မှတ်ထားခြင်းကို ပြန်လည်သုံးသပ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက်ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုးတင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ)

နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဒေါက်တာလှမိုးတင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကသဘောတူတဲ့အတွက် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က တင်သွင်းသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ အခန်း(၇) ပုဒ်မ ၂၁ ပုဒ်မခွဲ(ဂ) အရ ပြည်ထောင်စုအစိုးရမှ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲဝင်များ အတွက် ထိုက်သင့်သည့် လစဉ်ချီးမြှင့်ငွေနှင့်စရိတ်တို့အား ရရှိခံစားနိုင်ရန် သတ်မှတ်ထားခြင်းကို ပြန်လည်သုံးသပ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က တင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂၃-၈-၂၀၁၆ ရက် (အင်္ဂါနေ့) ညနေ ၄း၀၀ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၉)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်(ဗုဒ္ဓဟူးနေ့)

နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၁၀း၅၅ နာရီအချိန်တွင် ရပ်နားပါသည်။]